
# ကွမ်းဘောင်အုပ်စု၊ကွမ်းဘောင်ကျေးရွာ

# ထီးချိုင့်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကွမ်းဘောင်အုပ်စု၊ကွမ်းဘောင်ကျေးရွာ၊ ထီးချိုင့်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ထီးချိုင့်မြို့နယ်မှ ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ

# မာတိကာ


| | | |
|---|---|---|
| **စဉ်** | **အကြောင်းအရာ** | |
| | စကားချီး | ၃ |
| | ကွမ်းဘောင်ကျေးရွာ သယံဇာတပြမြေပုံ၊ ထီးချိုင့်မြို့နယ် | ၅ |
| | ကွမ်းဘောင်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန် ထီးချိုင့်မြို့နယ် | ၆ |
| | ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလ သတ်မှတ်ချက်ဇယား | ၇ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၈ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၈ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၈ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၉ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၁၀ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၁၀ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၁၀ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၁ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၆။ | **ပညာရေး** | ၁၁ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၁ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၂ |
| ၉။ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၂ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၃ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၇ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၈ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၆ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၆၃ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၅ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၇ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ် အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သောလူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေး သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာအပါပဝင် ထီးချိုင့်မြို့နယ်တွင်းရှိ ကျေးရွာ (၁၆)ရွာအား သင်တန်းပို့ ချ၍ ကျေးရွာလက်စွဲစာအုပ်များ ပေါ်ထွက်အောင် သင်ကြားဆောင်ရွက်ပေးသော်လည်း ယခုမှကြုံတွေ့ရသော ကျွန်ုပ်တို့အတွက် ဤစာအုပ်ဖြစ်ရန် အခက်အခဲများကြုံတွေ့ခဲ့ရပါ သည်။သို့သော်လည်းယခုကျေးရွာဖွံ့ဖြိုးရေးစီမံချက် ချပေးလိုက်သည့်အတွက် ကျွန်ုပ်တို့ တစ်ရွာလုံး ဝမ်းသာပီတိဖြစ်ပြီး အခက်အခဲများအားလုံးကို တစ်ရွာလုံး ညီညီညွတ်ညွတ်ဖြတ် ကျော်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများ နှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက် အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ် သောကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာ များမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း

တိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြုဇယားစသည်တို့ကိုအဓိကထား ဖော်ပြထားပါသည်။

**ဇူလိုင်လ၊ ၂၀၂၀**


**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**ကွမ်းဘောင်ကျေးရွာ**
**ထီးချိုင့်မြို့နယ်**

# ကွမ်းဘောင်ကျေးရွာသယံဇာတပြမြေပုံ၊ထီးချိုင့်မြို့နယ်




ီးချိုင့်မြို့နယ်၊ ကွမ်းဘောင်အုပ်စု၊ ကွမ်းဘောင်ကျေးရွာ သယံဇာတပြမြေပုံ

## ထီးချိုင့်မြို့နယ်၊ကွမ်းဘောင်အုပ်စု၊ကွမ်းဘောင်ကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်



| စဉ် | အကြောင်းအရာ | တန်ခူး | တဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီးတင်းကျွတ် | တန်ဆောင်းမုန်း | နတ်တော် | ပြာသိုလ် | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | စိုက်ပျိုးရေး | နွေစပါး ပဲမျိုးစုံ ရိုက်သိမ်း | နွေစပါး ပဲမျိုးစုံ ရိုက်သိမ်း | ပျိုးကြဲ | မိုးစပါးစိုက် | မိုးစပါးစိုက် | မိုးစပါးစိုက် | ပဲမျိုးစုံ စိုက် | မိုးစပါးရိုက် သိမ်း ပဲမျိုးစုံစိုက် | မြေပဲစိုက် | နွေ စပါး စိုက် | ပဲမျိုးစုံ ရိုက်သိမ်း | ပဲမျိုးစုံ ရိုက်သိမ်း |
| ၂ | မွေးမြူရေး | - | ဝက်တုတ် ကွေး၊ နားရွက် ပြာ | ဝက်တုတ် ကွေး၊ နားရွက် ပြာ | - | - | ခွာနှာလျှာနာ | ခွာနှာလျှာနာ | - | - | - | - | - |
| ၃ | ကျန်းမာရေး | - | - | - | ငှက်ဖျား တုတ်ကွေး | ငှက်ဖျား တုတ်ကွေး | - | - | - | - | - | - | - |
| ၄ | ပညာရေး | မူစတူးလ် သင်ကြားခြင်း | မူစတူးလ် | ကျောင်းဖွင့် | ကျောင်း သား | ကျောင်း သား | ကျောင်း သား | ကျောင်းသား သီးတင်းကျွတ် ကျောင်းပိတ် | ကျောင်း သား | ဒီဇင်ဘာ ကျောင်း ပိတ် | ကျောင်း သား | ကျောင်း သား | ကျောင်းသား မူစတူးလ် |
| ၅ | ရာသီဥတု | နေပူ | နေပူ | နေရာ မွန်စွဲ | မိုးရွာ | မိုးရွာ | မိုးရွာ | မွန်စွဲ နှင်းကျ | နှင်းကျ | နှင်းကျ | နှင်းကျ | နှင်းကျ | နေပူ |
| ၆ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေ သွန်းပွဲ | - | ဝါဆို သက်နန်း ကပ်ပွဲ | - | - | သီးတင်းကျွတ် မီးထွန်းပွဲ | ကထိန်ပွဲ | - | - | ထမနဲပွဲ | - |
| ၇ | တောင်သူဝင်ငွေ | ဝဝဝဝဝ | ဝဝဝဝဝ | - | - | - | - | - | - | ဝဝဝဝဝ ဝဝဝဝဝ | ဝဝဝဝဝ ဝဝ | ဝဝဝဝဝ ဝ | ဝဝဝဝဝ ဝဝဝဝဝ |
| ၈ | တောင်သူထွက်ငွေ | ဝဝဝဝဝ ဝ | ဝဝဝဝဝ ဝ | ဝဝ | ဝဝဝဝဝ | ဝဝဝဝဝ | ဝဝဝဝဝ | ဝဝဝဝဝ ဝ | ဝ | ဝဝဝဝဝ | ဝဝဝဝဝ | ဝဝဝဝဝ | ဝဝဝဝဝ |
| ၉ | နေ့စားဝင်ငွေ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ |
| ၁၀ | နေ့စားထွက်ငွေ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ | ဝ |

48MP AI QUAD CAMERA

နောက်ဆက်တွဲ(၁)

# ထီးချိုင့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ကွမ်းဘောင်ကျေးရွာအုပ်စု၊ ကွမ်းဘောင်ကျေးရွာ

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ချက်ဇယား

| စဉ် | အဆိုပြုစီမံချက်အမည် | ဦးစားပေး အဆင့် | ၁၉-၂၀ | ၂၀-၂၁ | ၂၂-၂၃ | ၂၃-၂၄ | ၂၄-၂၅ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းဘီနင်းကွန်ကရစ်လမ်းခင်းခြင်း | ၁ | | | | | |
| | ၄" Ø PVC စိမ့်စမ်းရေတိုးချဲ့သွယ်တန်းခြင်း။ | | | | | | |
| ၂ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၂ | | | | | |
| ၃ | ကျေးရွာတွင်းကျန်ရှိသောလမ်းကွန်ကရစ်ခင်းခြင်း | ၃ | | | | | |
| ၄ | စာသင်ကျောင်းအတွင်းကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၄ | | | | | |
| ၅ | စက်ရေတွင်းတူးဖော်ခြင်း(စိုက်ပျိုးရေး) | ၅ | | | | | |

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကွမ်းဘောင်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၏ မြောက်ဘက်တွင်တည်ရှိပြီး ထီးချိုင့်မြို့နှင့် (၂၀)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ကျေးရွာ၏ မြောက်ဘက်တွင် အောင်ချမ်းသာ (၁)ကျေးရွ ာနှင့် အောင်ချမ်းသာ (၂)ကျေးရွာတို့ တည်ရှိ ပြီး၊ရွာ၏တောင်ဘက်တွင် ဆယ်လံကျေးရွာနှင့် လယ်မြီးကျေးရွာတည်ရှိပါသည်။ ကွမ်းဘောင်ရွာ၏ အရှေ့ဘက်တွင် ကျောက်ပေါက်ချောင်းကျေးရွာနှင့် ကလုံကြီးဝိုင်းရှိပြီး အနောက်ဘက်တွင်ဂဟဲကြိုးဝိုင်းရှိပါ**သည်**။ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိ**ပါသည်**။ ကွမ်းဘောင်ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်သည် လက်မ (၆၀)နှင့် (၈၀)ကြားရှိပြီး စိုက်ပျိုးရေး လုပ်ငန်းအတွက် အသင့်အတင့်အထောက်အကူဖြစ်ပါသည်။ကျေးရွာတွင်စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၅၂၀) ဧကနှင့် ယာမြေ (၂၀၀)ဧက စုစုပေါင်း (၇၂၀)ဧကရှိပါသည်။ ကျေးရွာတွင်မိုးစပါး၊မြေပဲ၊နေကြာနှင့် နှမ်းသီးနှံများကိုသာ အဓိကထားစိုက်ပျိုးကြပါသည်။ မြေပြန့်ဒေသဖြစ်သော ကြောင့်မြေဆီလွှာအရည်အသွေးမှာအသင့်အတင့်ကောင်းမွန်ပါသည်။ လယ်ယာမြေများသည်မိုးရေကိုသာအဓိကထား စိုက်ပျိုးကြသော်လည်း မဲဇာချောင်းအတွင်း မှရေစုပ်စက်များဖြင့် ရေသွင်း၍ ညှင်းငယ်စိုက်ပျိုးနိုင်ပါသည်။ကျေးရွာတွင်သဘာဝသယံဇာတ များမထွက်ရှိပါ။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်အိမ်ထောင်စုပေါင်း (၁၄၃)စုနှင့်ကျား (၃၄၉)ဦး၊မ (၃၅၀)ဦး စုစုပေါင်း (၆၉၉)ဦးရှိပါသည်။ကျေးရွာအတွင်းရှိ ဂေါပကအဖွဲ့ (ကျား - ၅ဦး)၊မီးသတ်အဖွဲ့ (ကျား - ၄ဦး) ပြည်သူ့စစ်အဖွဲ့ (မ - ၇ဦး)နှင့် ကျောင်းကော်မတီအဖွဲ့ (ကျား - ၁၀ဦး)အဖွဲ့မှ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကိစ္စရပ်များ ဆောင်ရွက်လျှက်ရှိပါသည်။ကွမ်းဘောင် ကျေးရွာ ဖွံ့ဖြိုးရေးအတွက်ဖေါ်ပြပါအဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကူညီဖေးမ လက်တွဲညီညာစွာ အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကွမ်းဘောင်ကျေးရွာသည် (၂.၅)ဧကအောက်ဆင်းရဲသားတောင်သူ (၂၂) အိမ်ထောင်စု၊ (၂.၅)ဧကနှင့် (၅)ဧကကြားတောင်သူငယ် (**၃၈**)အိမ်ထောင်စု၊ (၅)ဧကနှင့် (၁၂.၅)ဧကကြား တောင်သူလတ် (**၄၆**)အိမ်ထောင်စု၊(၁၂.၅)ဧကနှင့်အထက် ပိုင်ဆိုင်သူတောင်သူကြီး (**၁၁**) အိမ်ထောင်စု စသည်တို့ရှိကြပြီး အဓိကအားဖြင့် စပါး၊ မြေပဲ၊ **နေကြာ**နှင့် နှမ်းသီးနှံများကို **အဓိက**စိုက်ပျိုးကြပါသည်။

6

ကျေးရွာ၏စိုက်ပျိုးရေးမှာ မိုးရေကိုသာအဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပြီး စိုက်ပျိုးရေး အရင်းမြစ်နည်းပါးသောကြောင့်နွေရာသီတွင် သီးနှံစိုက်ပျိုးခြင်းနည်းပါးပါသည်။မိုးစပါး အထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၇၀)တင်းထွက်ရှိ မြေပဲအထွက်နှုန်းမှာ တစ်ဧကပျှမ်းမျှ (၅၀)တင်းထွက်ရှိပါသည်။ကျေးရွာအတွင် ထွန်စက်ကြီး (၃)စီး၊လက်တွန်းထွန်စက် (၂၂)စီး၊ ခြွေလှေ့စက် (၅)လုံးနှင့် ရေစုပ်စက် (၃၇)လုံးနှင့် မြက်ရိတ်စက် (၄၇)**လုံး**ရှိပါသည်။ အဖွဲ့ပိုင်ထွန်စက်၊ရိတ်သိမ်းခြွေလှေ့စက်မရှိပါ။အချို့သောတောင်သူများသည် ကျေးရွာရှိစက် များကိုငှါးရမ်း လုပ်ကိုင်ကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကိုမြို့နှင့်အလှမ်းဝေးသော်လည်း လွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။ကျေးရွာတွင် တောင်သူ လုပ်ငန်းလုပ်ကိုင်ရာတွင် ရာသီဥတုမမှန်ခြင်း၊စိုက်ပျိုးရေးအတွက် ဆည်မြောင်းရေ မရရှိခြင်း၊ နည်းပညာဝန်ဆောင်မှုများ အလွယ်တကူမရရှိခြင်းတို့ကြောင့် သီးနှံအထွက်နည်းခြင်း၊သီးနှံ ဈေးကွက်တွင်လည်း ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်သော်လည်း ဈေးနှုန်းမှန်ကန် စွာဖြင့်မရောင်းချနိုင်ပါ။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကွမ်းဘောင်ကျေးရွာတွင် နွားမွေးမြူထားသည့်အိမ်ထောင်စု (၅၉)အိမ်ရှိပြီး နွားကောင်ရေ (၃၀၄)ကောင်၊ကျွဲမွေးမြူထားသည့်အိမ်ထောင်စု (၆၆)အိမ်ရှိပြီး ကျွဲကောင်ရေ (၂၃၈)ကောင်၊ဝက်မွေးမြူထားသည့်အိမ်ထောင်စု (၆၄)အိမ်ရှိပြီး ဝက်ကောင်ရေ (၁၅၄)ကောင်၊ကြက်မွေးမြူထားသည့်အိမ်ထောင်စု (၉၆)အိမ်ရှိပြီး ကြက်ကောင်ရေ (၁၀၅၁)ကောင်နှင့်ဘဲမွေးမြူ ထားသည့်အိမ်ထောင်စု (၇)အိမ်ရှိပြီး ဘဲကောင်ရေ (၂၉)ကောင်နှင့် ငါးမွေးမြူထားသည့် အိမ်ထောင်စု (၂)အိမ်ရှိပြီး ငါးကန်ဧက (၆)ဧက စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကိုလုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာရှိအိမ်ထောင်စုများသည် မွေးမြူရေးလုပ်ငန်း၊ အရောင်းအ**ဝယ်**လုပ်ငန်း၊ ယာဉ်မောင်းလုပ်ငန်း၊ထွန်စက်အငှားမောင်းလုပ်ငန်း ဝန်ထမ်းများ၊ လက်သမားများ၊ အပ်ချုပ်လုပ်ငန်းများစသည်ဖြင့်အခြား ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးမှုလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေ ဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု အားနည်း**သော**ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ**လည်း** နည်းပါးပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်သူများသည် စိုက်ပျိုးစရိတ်ချေးငွေများရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ (၁)ကေလျှင် (၁၅၀၀၀၀)သိန်းနှုန်းဖြင့်အများဆုံး (၁၀)ကေအထိချေးယူနိုင်ကြပါသည်။ကျေးရွာတွင် သ/မအဖွဲ့အစည်းများမှလည်း ချေးယူရရှိပါသည်။မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေး လုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများလွယ်ကူစွာ လိုသလောက်မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းများနည်းပါးကြပါသည်။ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည် ချေးငွေများရရှိရန် လိုလားကြပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာမှ စက်ဘီး (၄၁)စီး၊မော်တော်ဆိုင်ကယ် (၁၄၀)စီး၊ သုံးဘီးဆိုင်ကယ် (၂)စီး၊ ထော်လာကျီ (၂)စီး၊ကား (၃)စီးနှင့် နွားလှည်း (၇၇)စီးစသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် မြေသားလမ်း တစ်မျိုးသာရှိပြီး မိုးရာသီတွင် ဗွက်များ၊ ချိုင့်များ

ဖြစ်ကာသွားလာရ အဆင်မပြေမှုများရှိနေပါသည်။ကျေးရွာချင်းဆက်လမ်းများမှာလည်း မြေသားလမ်းများဖြစ်၍ မိုးရာသီတွင် ဗွက်များ၊ ချိုင့်များဖြင့်သွားလာရ အဆင်မပြေမှုများရှိပါသည်။ကျေးရွာ၌ ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသော (၃၆' × ၃'× ၆')သစ်သားတံတား (၁)စင်းရှိပါသည်။ထိုသစ်သားတံတားမှာ လွန်ခဲ့သောနှစ်များစွာမှ ဆောက်လုပ်ခဲ့သောကြောင့် အနည်းငယ်ပျက်စီးယိုယွင်းနေသဖြင့် ပြုပြင်ရန်လိုအပ်နေပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး မဟာဓာတ်အားလိုင်း မရရှိသေးပါ။ လျှပ်စစ်မီး မရရှိသေးသဖြင့် လုပ်ငန်းများနှေ့နှေးခြင်း၊ ကျောင်းသားများစာကြည့်ရာတွင်လည်း အခက်အခဲများစွာရှိသဖြင့် လျှပ်စစ်မီးရရှိရန်လိုအပ်နေပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကွမ်းဘောင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၃၈) လုံး၊ရေဒီယို (၅)လုံး၊ တီဗွီ (၇၃)လုံး၊ ဂြိုလ်တုစလောင်း (၆၄)လုံး စသည်တို့မှ ရရှိသည့်အပြင် အုပ်ချုပ်ရေးမှူးရုံးမှတဆင့်လည်းသိ ရှိနိုင်ပါသည်။

**၆။ ပညာရေး**

ကွမ်းဘောင်ကျေးရွာရှိ ကျောင်းသား/သူများသည် (အလယ်တန်း)အဆင့်ဖြင့်ပညာသင်ကြားလျက်ရှိပါသည်။အထက်တန်းပညာရေးအား (၆)မိုင်ခန့်ကွာဝေးသော အလယ်တောစံပြကျေးရွာနှင့် (၁၅)မိုင်ခန့်ကွာဝေးသောထီးချိုင့်မြို့ရှိ (အထက်ကျောင်း) ကျောင်းသို့သွားရောက်ပညာသင်ကြားကြရပါသည်။ကျောင်းတွင် ကျောင်းသုံးပရိဘောဂများ လုံလောက်မှုမရှိပါ။

ကလေးများ ပညာသင်ကြားနိုင်ရန်အတွက် အစိုးရခန့်ဆရာ(၄)ဦးနှင့် ဆရာမ(၆)ဦး ရှိပါသည်။ကျေးရွာတွင်စာမတတ်သည့်သူများမရှိပါ။မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၅၈.၇.၆)ရာခိုင်နှုန်းအထိများပြားပြီး၊အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၂၆.၉)ရာခိုင်နှုန်း၊အထက်တန်းအဆင့်စာတတ်မြောက်သူများမှာ (၁၀.၈၃) ရာခိုင်နှုန်းနှင့်တက္ကသိုလ် အဆင့်စာတတ်မြောက်သူမှာ (၃.၆၁)ရာခိုင်နှုန်းရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ တွင်လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်ကြပါသည်။

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

ကျေးရွာတွင်ကျန်းမာရေးဦးစီးဌာနမှ လိုအပ်သည့်ကာကွယ်ဆေးများအား ကျေးရွာအထိနှစ်စဉ်နှစ်တိုင်း လာရောက်ထိုးပေးလျက်ရှိပါသည်။တိုက်နယ်ဆေးရုံသည်အလယ်တော

ကျေးရွာတွင်တည်ရှိပြီး **ကွမ်းဘောင်**ကျေးရွာနှင့် (၆)မိုင်ခန့်ကွာဝေးပါသည်။ထီးချိုင့်မြို့နယ် ဆေးရုံကြီးနှင့် (၂၀)မိုင်ခန့် ကွာဝေးသော်လည်း အရေးပေါ်အခြေအနေတွင် ဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေးနှင့်ပတ်သက်သည့် အခက်အခဲနည်းပါးပါသည်။

ကျေးရွာတွင် သောက်သုံးရေများကို စိမ့်စမ်းရေ**ကို** အဓိကထားအသုံးပြုကြ**ပါသည်။** ကွမ်းဘောင်ကျေးရွာတွင် သောက်သုံးရေအနေဖြင့် လွန်ခဲ့သောနှစ်ပေါင်း (၆၀)ကျော်မှ ဘိုးဘွားများ တူးဖော်ခဲ့ကြသော လက်တူးတွင်းနှင့် ချောင်းရေကိုသာ သောက်သုံးခဲ့ကြပါသည်။၂၀၁၁-၂၀၁၂ခုနှစ်မှစ၍ ရွာ၏အရှေ့တောင်ဘက် စိမ့်စမ်းရေကို မြို့နယ်စည်ပင်သာယာရေး အကူအညီဖြင့် (၂")ပိုက်အလုံး (၆၀၀)ကျော်၊ကျေးရွာမှငွေအား၊လုပ်အားများ စိုက်ထုတ်၍လုပ်ကိုင်ခဲ့ ကြပါသည်။သို့သော်သွယ်တန်းထားသော ရေပိုက်များမှာ သေးငယ်သောကြောင့် ကျေးရွာ၏ ၄ ပုံ ၃ ပုံသာ ရရှိပြီးကျန်ရှိနေသော အိမ်ခြေများအတွက် ဆက်လက်ဆောင်ရွက်ရန် ငွေကြေးအခက်အခဲ များကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာ များကိုအသုံးပြုသည့် အိမ်ထောင်စု အနည်းငယ်သာရှိပြီး အသန့်ရှင်းသောအိမ်သာအသုံးပြုသည့် အိမ်ထောင်စု အများအပြားရှိနေပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကွမ်းဘောင်ကျေးရွာတွင် လက်လုပ်လက်စားကျပန်းလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာ မဖူလုံသည့်အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

ကွမ်းဘောင်ကျေးရွာတွင် တွင်းထွက်သယံဇာတများမရှိပါ။သဘာဝဆေးဖက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ**မ**ရှိပါ။မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှောနှင့်သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။သွေးတိုးရောဂါနှင့်ဆီးချိုရောဂါ ဖြစ်ပွားသည့် လူနာအနည်းငယ်ရှိပါသည်။ရာသီကူးပြောင်းမှုများတွင်ဖြစ်ပေါ်သော ကြက်၊ ဝက်ဆိုင်ရာရောဂါများဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကွမ်းဘောင်ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု မရှိသော်လည်း ကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်နေကြပါသည်။အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများ တွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – ကွမ်းဘောင် | | | ကျေးရွာအမည် – ကွမ်းဘောင် | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | သက်ဆိုင်ရာ အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများစီစဉ်ဆောင်ရွက်ခြင်း။ | |
| ၂ | စိုက်ပျိုးရေး | နည်းပညာ | သဘာဝဓါတ်မြေဩဇာထုတ်လုပ်ခြင်းသင်တန်းများဖွင့်လှစ်ပေးခြင်း။ | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နှင်းရေး နည်းပညာသင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၅ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့်သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၆ | စိုက်ပျိုးရေး | ဈေးကွက် | ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ဈေးကွက်သို့ တက်လှမ်းခြင်း။ | |
| ၇ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၈ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မွေးမြူရေးထုတ်ကုန် ဈေးကွက် ရှာဖွေချိတ်ဆက်ခြင်း။ | |
| ၉ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။ | |
| ၁၀ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_ အလတ်စား စီးပွားရေးလုပ်ငန်းများ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့်, မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်) | |

| ကျေးရွာအုပ်စုအမည် – ကွမ်းဘောင် | | | ကျေးရွာအမည် – ကွမ်းဘောင် | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| | ဆိုင်ရာ | | | |
| ၁၁ | ငွေကြေး | အသေးစား | အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။ | |
| ၁၂ | ငွေကြေး | အသေးစား | အသေးစားလုပ်ငန်းများဖွံ့ဖြိုးစေရန် Group များဖွဲ့၍ထားရှိခြင်း။ | |
| ၁၃ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေး ဆေးပေးခန်းကာကွယ် ဆေးထိုးခြင်း | ရာသီအလိုက်ကျန်းမာရေးအသိပညာပေးပြောပြောပွဲများပုံမှန်ပြုလုပ်နိုင်ခြင်း။ | |
| ၁၄ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေး ဆေးပေးခန်းကာကွယ် ဆေးထိုးခြင်း | သားဖွား၊အရံသားဖွားသင်တန်းများတက်ရောက်နိုင်ရန်သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက် ခြင်း။ | |
| ၁၅ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းသုံးပရိဘောဂများလုံလောက်စွာ ဖြည့်တင်းခြင်း။ | |
| ၁၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းတွင်းပညာပေးသရုပ်ပြစာစောင်များဗဟုသုတစာပေများထားရှိခြင်း။ | |
| ၁၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းဝင်းခြံစည်းရိုးအား အုတ်တံတိုင်းများကာရံခြင်း။ | |
| ၁၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းဆရာ/များအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း။ | |
| ၁၉ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | အမှတ် (၁)လမ်း၂(၆၉၀'×၃'×၇') ရှိမြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် – ကွမ်းဘောင် | | | ကျေးရွာအမည် – ကွမ်းဘောင် | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၂၀ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ၂(၇၀၀'x၃'x၇') ရှိမြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း။ | ဆောင်ရွက်ပြီး |
| ၂၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | အမှတ် (၂)လမ်း ၂(၅၇၀'x၃'x၇") မြေသားလမ်းအဆင့်မှ ဘီးနင်းကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း။ | |
| ၂၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | အမှတ် (၄)လမ်း ၂(၅၅၀'x၃'x၇") မြေသားလမ်းအဆင့်မှ ဘီးနင်းကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း။ | |
| ၂၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | အမှတ် (၅)လမ်း ၂(၈၅၀'x၃'x၇") မြေသားလမ်းအဆင့်မှ ဘီးနင်းကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း။ | |
| ၂၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | အမှတ် (၆)လမ်း ၂(၁၂၀၀'x၃'x၇") မြေသားလမ်းအဆင့်မှ ဘီးနင်းကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း။ | |
| ၂၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | (၃၅၀'x၃'x၃'x၈") ကွန်ကရစ်ရေမြောင်းတည်ဆောက်ခြင်း။ | |
| ၂၆ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | (၃၇'x၃'x၂'x၈") ကွန်ကရစ်ရေမြောင်းတည်ဆောက်ခြင်း။ | |
| ၂၇ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ၄လက်မ Ø PVC စိမ့်စမ်းရေတိုးချဲ့သွယ်တန်းခြင်း။ | ဆောင်ရွက်ပြီး |
| ၂၈ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်း။ | |
| ၂၉ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရေသန့်စက်ရုံနှင့်ရေသန့်စက်များတပ်ဆင်ပေးခြင်း | |
| ၃၀ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | ကျေးရွာတွင်း ၂၄ နာရီ လျှပ်စစ်မီးလင်းရေး ရရှိရန်ဆောင်ရွက်ခြင်း။ | |
| ၃၁ | လူငယ်နှင့်အားကစား | အားကစား | အား/ကာဋီးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်း များ ဖြည့်တင်းခြင်း။ | |
| ၃၂ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာအသိပညာပေးဟောပြောပွဲများပြုလုပ်နိုင်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် – ကွမ်းဘောင် | | | ကျေးရွာအမည် – ကွမ်းဘောင် | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၃၃ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | အားကစားဆိုင်ရာအသိပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း။ | |
| ၃၄ | လူငယ်နှင့်အားကစား | အားကစား | အားကစားဆိုင်ရာဘောလုံးကွင်းအား ပြန်လည်ပြုပြင်ခြင်း။ | |
| ၃၅ | သယံဇာတနှင့်<br>သဘာဝပတ် ဝန်းကျင် | သဘာဝဘေး လျော့ချရေး | သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန်<br>သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများ အား ချိတ်ဆက်ခြင်း။ | |
| ၃၆ | ဆက်သွယ်ရေး | - | - | |

## ကွမ်းဘောင်ကျေးရွာ၊ ကွမ်းဘောင်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးကျော်စိုးဦး | ဦးတင်အောင် | ၅/ထခန(နိုင်) ၀၅၀၆၆၃၃ | ၄၆ | ဥက္ကဋ္ဌ | ၀၉-၄၂၃၃၈၂၇၆၃ |
| ၂ | ဦးငြိမ်းထက်အောင် | ဦးခင်မောင်ဝင်း | ၅/ထခန(နိုင်) ၀၀၈၇၃၉၉၉ | ၂၉ | အတွင်းရေးမှူး | ၀၉-၈၉၁၄၅၆၇၃၂ |
| ၃ | ဦးအောင်ဇော်လင်း | ဦးစံဦး | ၅/ထခန(နိုင်) ၀၅၀၆၇၆ | ၃၉ | စာရင်းကိုင် | ၀၉-၄၅၇၄၇၄၆၁၀ |
| ၄ | ဦးအောင်ကြူလင်း | ဦးသိန်းအောင် | ၅/ထခန(နိုင်) ၀၇၀၆၆၆၈ | ၃၇ | ဘဏ္ဍာရေးမှူး | ၀၉-၈၉၀၈၀၅၃၉၂ |
| ၅ | ဒေါ်ခင်နှင်းဆွေ | ဦးမောင်ကျား | ၅/ထခန(နိုင်) ၀၇၈၅၂၆ | ၃၁ | အဖွဲ့ဝင် | - |
| ၆ | ဒေါ်ဝင်းလှ | ဦးဗိုလ်နီ | ၅/ထခန(နိုင်) ၀၃၆၇၃၉ | ၄၈ | အဖွဲ့ဝင် | - |
| ၇ | ဒေါ်ခင်သန်း | ဦးဘမောင် | ၅/ထခန(နိုင်) ၀၅၀၆၄၇ | ၄၁ | အဖွဲ့ဝင် | ၀၉-၇၆၄၇၈၅၃၁ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) ကွမ်းဘောင်ကျေးရွာ၏လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၈ | ၁၁ | ၁၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၁၆ | ၂၄ | ၄၀ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၁ | ၂၁ | ၅၂ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၀ | ၃၃ | ၆၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၅၂ | ၂၄၅ | ၄၉၇ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၂ | ၁၆ | ၂၈ |
| စုစုပေါင်း | | ၃၄၉ | ၃၅၀ | ၆၉၉ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၄၃ | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ကွမ်းဘောင်ကျေးရွာသည် အိမ်ထောင်စု(၁၄၃)စု၊ လူဦးရေ(၆၉၉)ဦး ရှိပါသည်။ကွမ်းဘောင်ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၂.၇၂%)၊ (၅)နှစ်အောက်ကလေးငယ် (၅.၇၂%)၊မူလတန်းကျောင်းသားအရွယ် (၇.၄၄%) ၊အလယ်တန်း ကျောင်းသားအရွယ်(၉.၀၁%)၊အလုပ်လုပ်နိုင်သည့်အရွယ်(၇၁.၁၀%)၊သက်ကြီးရွယ်ကြီး(၄.၀%)ရှိပါ သည်။ပျမ်းမျှအနေဖြင့်အလုပ်မလုပ်နိုင်သည့်လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၈.၉%)ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ်ကျား (၂၅၂)ဦး၊မ (၂၄၅)ဦးစုစုပေါင်း (၄၉၇)ရှိပြီးတစ်ရွာလုံးလူဦးရေ၏ (၇၁.၁၀%) ရှိပါသည်။ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၅)ဦးနှုန်းခန့်ရှိသောကြောင့် ကျေးလက် အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင်(၅) ဦးနှုန်းရှိနေပါသည်။ကျေးရွာ အတွင်းအလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက်လူသား အရင်းအမြစ်ကောင်းများအဖြစ်ထောက်ပံ့မှုပေးနိုင်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀၈ | ၁၅၃ | ၁၁၀ | မြင့်□လတ်☑နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | ၃၅ | ၅၁ | ၂၁ | မြင့်□လတ်✓နိမ့်☒ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်□လတ်□နိမ့်□ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်□လတ်□နိမ့်□ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်□လတ်□နိမ့်□ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်□လတ်□နိမ့်□ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်□လတ်□နိမ့်□ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်□လတ်□နိမ့်□ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်□လတ်☒နိမ့်□ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | – | – | – | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်□လတ်□နိမ့်□ |
| ၁၁ | **လက်လီ–လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်□လတ်□နိမ့်☒ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☒ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☒နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | – | – | – | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၁၄၃ | ၂၀၄ | ၁၃၁ | ☒ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါ

လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကွမ်းဘောင်ကျေးရွာသည် အလုပ်လုပ်ကိုင်နိုင်သူအများအပြားရှိသည့် အနက် စိုက်ပျိုးရေးကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများနှင့် စိုက်ပျိုးမြေယာများကို အငှားလုပ်သူများ လည်းရှိပါသည်။စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းဖြင့်လုပ်ကိုင်သော မိသားစုများမရှိသော်လည်း တစ်ပိုင်တစ်နိုင်အိမ်စားရုံမျှ မွေးမြူရေးလုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်။အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူ လက်သမားလုပ်ငန်းလုပ်ကိုင်သူ၊ အပ်ချုပ်လုပ်ငန်းလုပ်ကိုင်သူ မိသားစုများလည်းရှိပြီး ပညာရေးကဏ္ဍတွင် ဝန်ထမ်းလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလုပ်ကိုင်သူအနည်းငယ်ရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | - | - | - | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ကွမ်းဘောင်ကျေးရွာတွင် လုပ်ငန်းများအလိုက် ဝင်ငွေခြားနားရခြင်းမှာ

လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မဂင်ငွေကွာခြားရခြင်းမှာလည်း လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင်မူတည်ပါသည်။ပြည်ပတွင်သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကိုမသိရှိသောကြောင့် လုပ်အားခပမာဏကို မသိရှိရပါ။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၅၀၈ | ကောင်း ☐ | သင့်✓ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂၂၄ | ကောင်း ☐ | သင့်✓ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ | သင့်☒ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စုစုပေါင်း | ၇၃၂ | ☒ | | |

**ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ကွမ်းဘောင်ကျေးရွာတွင်လယ်မြေ (၅၀၈)ဧကနှင့် ယာမြေ/တောင်ယာမြေ (၂၂၄)ဧကရှိပါသည်။လယ်မြေ/တောင်ယာမြေများ၏ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်သည့်လယ်ယာမြေများဖြစ်သော်လည်း ရေသွင်းဆည် ၊မြောင်းတို့မရှိခြင်းနှင့်ရာသီဥတုမမှန်ခြင်းတို့ကြောင့် သီးနှံထွက်နှုန်းများကျဆင်းပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ✓ | လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ | များ☐ သင့် ✓ နည်း☒ မရှိ☐ | လွယ်✓ခက်☒ အသုံးမပြုနိုင်ပါ ☐ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐ နည်း✓ မရှိ☐ | လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း✓ မရှိ☐ | ☒ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ကွမ်းဘောင်ကျေးရွာပိုင်နက်အတွင်း တွင်းထွက်သယံဇာတများမရှိပါ။ ကျေးရွာ၏မြောက်ဘက် ကွမ်းဘောင်ချောင်းမှ ချောင်းရေနည်းပါးချိန်တွင် ချောင်းအတွင်းမှ ကျောက်၊ သဲ၊ ကျောက်စရစ် များကိုအလွယ်အကူရယူသုံးစွဲနိုင်ပါသည်။နွားစာနှင့် ဆေးဘက်ဝင် အပင်များ အနည်းငယ်ရှိသဖြင့် အလွယ်တကူအသုံးပြုနိုင်ပါသည်။သဘာဝတိရစ္ဆာန် မျိုးစိတ်များ အနည်းငယ်ရှိပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း(သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၂၇ | ၂၆ | ၅၅ | ၃၅ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ကွမ်းဘောင်ကျေးရွာတွင် စီးပွားရေးအဆင်ပြေသော အိမ်ထောင်စု အသင့်အတင့်ရှိပါသည်။မပြေလည်သောအိမ်ထောင်စုများသည် လယ်အင်းလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။အလွန်မပြေလည်သော အိမ်ထောင်စုများသည်ကောက်စိုက်၊ဟျိုးနုတ်စသည့် ရာသီအလိုက်ကြုံရာကျပန်း လုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်းလုပ်ကိုင်ကြပြီး အချို့မှာ ပြည်တွင်းရှိအခြားမြို့များသို့ သွားရောက်လုပ်ကိုင်ကြပါသည်။

## (c) ထိခိုက်လွယ်မှု

### (c-၁) ဝမ်းစာဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၅ | အခြားအစာပြောင်းလဲစား= _____<br>အစာလျှော့စား= _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = ၂_____<br>လုပ်အားခကြိုယူ= ၃_____ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၄ | အခြားအစာပြောင်းလဲစား= _____<br>အစာလျှော့စား= _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = ၁_____<br>လုပ်အားခကြိုယူ= ၃_____ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား= _____<br>အစာလျှော့စား= _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ= _____ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ကွမ်းဘောင်ကျေးရွာရှိဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအား စစ်တမ်းကောက်ယူရာတွင်ကောက်ယူခဲ့သည့် အိမ်ထောင်စု စုစုပေါင်း၏ (၅၅.၅၅) ရာခိုင်နှုန်းမှာ (၃) လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၄၄.၄၄)ရာခိုင်နှုန်းမှာ (၃ - ၅)လအထိသာဝမ်းစာဖူလုံမှုရှိပြီး ကျန်ကာလများတွင် ချေးငှားခြင်းနှင့် လုပ်အားခကြိုတင်ယူခြင်းဖြင့် ဖြေရှင်းကြသည်။ဆန်ရှားပါးမှုနှင့် ဆန်ဈေးကြီးမှုကြောင့်အခြား အစားအစာများကို ပြောင်းလဲစားသုံးခြင်း၊ ထမင်းတစ်နပ်လျှော့စားခြင်း၊ တစ်ရက်လုံးလျှော့စားခြင်းများမှာ တစ်ခါမှမဖြစ်ဖူးကြောင်းကို စားနပ်ရိက္ခာဖူလုံမှု ဆန်းစစ်ချက် ရလဒ်အရသိရပါသည်။

### (c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၅ | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | - | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | - | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကွမ်းဘောင်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို နှင့် မသန်စွမ်းသူများမရှိပါ။ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု (၅)စုရှိပါသည်။

**(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✓ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ | လတ် ☐ | နိမ့်✓ | မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ | လတ် ☐ | နိမ့်✓ | မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ | လတ် ☐ | နိမ့်✓ | မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✓ |
| ၆ | မုန်တိုင်း | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✓ |
| ၇ | ငလျင် | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✓ |
| ၈ | မီးဘေး | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✓ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✓ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ | လတ် ☐ | နိမ့်✓ | မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ✓ | လတ် ☐ | နိမ့်☐ | မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ | လတ် ☐ | နိမ့်🏂 | မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ | လတ်☐ | နိမ့်✓ | မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ | လတ် ☐ | နိမ့်✓ | မရှိ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ 🏂 |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✓ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ 🏂 |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✓ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကွမ်းဘောင်ကျေးရွာသည် ဆန်စပါးများလုံလောက်စွာရရှိသောကြောင့် စားနပ်ရိက္ခာမဖူလုံမှု မရှိပါ။ကျေးရွာတွင် သဘာဝဘေးအဘေးအန္တရာယ် ဆိုးဆိုးရွားရွား အခြေအနေ မျိုးမရှိပါ။ကျန်းမာရေးနှင့်ပတ်သက်၍ ငှက်ဖျားရောဂါ၊ မိုးရာသီတုပ်ကွေးဖျားနာခြင်း ဖြစ်ပွားသော်လည်း ကျေးရွာရှိကျန်းမာရေးဌာနမှ ကာကွယ်ဆေးတိုက်ခြင်း၊ဆေးစိမ်ခြင်ထောင်များ ဝေငှပေးခြင်းများရှိပါသည်။တီဘီရောဂါဖြစ်ပွားမှု အနည်းငယ်ရှိသော်လည်း အခမဲ့တီဘီဆေးတိုက်ကျွေးမှုကြောင့် ယခုတွင်မရှိသလောက်ဖြစ်နေပါသည်။ ကျေးရွာသူကျေးရွာသားများ စည်းစည်းလုံးလုံးနှင့်

အတူတကွနေ ထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများမရှိပါ။ရာသီကူးပြောင်းမှုများတွင် တိရစ္ဆာန်များ ရောဂါဖြစ်ပွားမှု အနည်းငယ်တွေ့ရပါသည်။ ကျေးရွာတွင်လူကုန်ကူးမှုမရှိပါ။လမ်းပန်းဆက်သွယ်ရေး အနေဖြင့် မိုးတွင်းကာလများမှလွဲ၍ သွားလာရအဆင်ပြေပါသည်။

## (c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ✓ လတ် □နိမ့်□မရှိ □ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် □လတ် ✓နိမ့်□မရှိ □ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ **(Prone to accident)** တွင် နေထိုင်သူများ | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ **(IDP)** | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် □လတ် □နိမ□မရှိ ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် □လတ် □နိမ့်✓မရှိ □ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် □လတ် ✓နိမ့်□မရှိ □ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် □လတ် □နိမ□မရှိ ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၁၆ | နေရပ်ပြန် အခြေချသူများ | မြင့် □လတ် □နိမ့်□မရှိ ✓ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မြင့် □လတ် □နိမ့်✓မရှိ □ |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် □လတ် □နိမ့်✓မရှိ □ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကွမ်းဘောင်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုနှင့် လက်လုပ်လက်စားကျပန်း လုပ်ကိုင်သည့်အိမ်ထောင်စုများ ရှိသော်လည်းငင်း အိမ်ထောင်စုများသည် သဘာဝဘေးနှင့်စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် အနည်းငယ်သာ ထိခိုက်ခံစားနိုင်ပါသည်။မိမိနေရပ်တွင် အသက်မွေး

ဝမ်းကျောင်းလုပ်ကိုင်နိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်း၊ အသက်မွေးမှုနည်းပညာ အားနည်းခြင်း တို့ကြောင့် ပြည်တွင်ရှိအခြားမြို့များသို့သွာရောက် အလုပ်လုပ်ခြင်းဖြစ်သည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ဂေါပကအဖွဲ့ | ၁☐ ၂☐၃✓ | ၅ | - | ၅ | ပညာရေး☐ဌေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၂ | ကျောင်းကော်မတီအဖွဲ့ | ၁☐ ၂✓၃☐ | ၁၀ | - | ၁၀ | ပညာရေး✓ဌေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း☐<br>သင့် ✓<br>ညံ့ ☐ |
| ၃ | မီးသတ်အဖွဲ့ | ၁☐ ၂🌲၃☐ | ၄ | - | ၄ | ပညာရေး☐ဌေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး✓ | ကောင်း☐<br>သင့် ✓<br>ညံ့ ☐ |
| ၄ | ပြည်သူ့စစ်အဖွဲ့ | ၁☐ ၂✓၃☐ | ၇ | - | ၇ | ပညာရေး☐ဌေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး✓ | ကောင်း☐<br>သင့် ✓<br>ညံ့ ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

**(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့ စသည့်။**

**(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

**(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

